သင်ကြားပို့ချခြင်း
ဇန်နဝါရီ ၂၀၁၅

Natural Resource Governance Institute

# သဘာဝသယံဇာတ အခွန်အခ ဝင်ငွေများ စီမံခြင်း၊ သုံးစွဲခြင်း

သဘာဝသယံဇာတ အခွန်အခဝင်ငွေများကို လက်ရှိမျိုးဆက်နှင့် အနာဂတ်မျိုးဆက်များအတွက် သာတူညီမျှသော၊ အကောင်းဆုံး ဖြစ်သော ရလဒ်များ ရရှိရန်အတွက်ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံသင့်သည်။
ဥပဒေသ (၇) သဘာဝသယံဇာတကျင့်ထုံး
အခွန်အခဝင်ငွေ မတည်မငြိမ်ဖြစ်မှုများကို ကြံကြံခံနိုင်ရန်အတွက် ပြည်တွင်းအသုံးစရိတ်ကို ချောမွေ့ပြေပြစ်စွာ ဆောင်ရွက်သင့်သည်။
ဥပဒေသ (၈) သဘာဝ သယံဇာတ ကျင့်ထုံး

## သတိပြုရန်

- ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတူးဖော်ခြင်းတို့မှရရှိသည့် အခွန်အခဝင်ငွေများသည် တသမတ်တည်းမရှိ၊ အကန့်အသတ်နှင့် ဖြစ်သည်။ အခွန်အခဝင်ငွေများပါက သုံးဖြုန်းလေလွင့်မှု အမြောက်အများ ဖြစ်ပွားစေနိုင်သည်၊ ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားစေသည်။ စက်မှုလုပ်ငန်းတိုးတက်မှုမရှိရုံမကယုတ်လျော့သွားစေနိုင်သည်။ ထိုကဲ့သို့သော အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် အစိုးရအနေနှင့် ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များကို ဥပဒေပြုခြင်း၊ သဘာဝသယံဇာတ ရံပုံငွေထူထောင်ခြင်း၊ ကာလလတ်ဖွံ့ဖြိုးရေး အစီအစဉ်များကို အားသွန်ခွန်စိုက်ဖော်ဆောင်ခြင်းတို့ အပါအဝင် ကာလလတ်၊ ကာလရှည် ဘဏ္ဍာရေးမူဘောင်များ ချမှတ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။
- ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ။ ။ အစိုးရ အသုံးစရိတ်ကို အတားအဆီး ပြုလုပ်နိုင်ရန် သို့မဟုတ် ချေးငွေသုံးစွဲခြင်းကို ကန့်သတ်ရန်အတွက် အစိုးရဘတ်ဂျတ်တည်ငြိမ်အောင်ထိန်းရန် သတ်မှတ်ချက်များပြုလုပ်သည်။ အနာဂတ်မျိုးဆက်များအတွက် စုဆောင်းရန်၊ ရေရှည်ဖွံ့ဖြိုးရေး အစီအစဉ်များ တိုးတက်ကောင်းမွန်စေရန်အတွက် သတ်မှတ်ပြဋ္ဌာန်းသည်။
- ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သဘာဝသယံဇာတ ရံပုံငွေများ သတ်မှတ်စုဆောင်းကြသည်။ ဘတ်ဂျတ်သုံးစွဲမှုတည်ငြိမ်စေရန်၊ အနာဂတ်မျိုးဆက်များအတွက် စုဆောင်းထားရန်၊ ရေနံ၊ ဓာတ်ငွေ့ နှင့် တွင်းထွက် အခွန်အခများကို ပညာရေး၊ အခြေခံအဆောက်အဦ သို့မဟုတ် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန် အတွက် လမ်းကြောင်းသည့်အနေနှင့် အမျိုးမျိုးရည်ရွယ်ကာ သတ်မှတ်စုဆောင်းကြသည်။ ရသုံး(ဘတ်ဂျတ်)မူဘောင် ချမှတ်ခြင်း၊ လွှတ်တော်မှ စောင့်ကြည့်ထိန်းကျောင်းခြင်းများနှင့် ပေါင်းစပ်အသုံးချနိုင်ခြင်းမရှိပါက ယင်းရံပုံငွေသည် နိုင်ငံအတွက်အရေးပါသည့် နေရာများတွင် သုံးစွဲခြင်းမဟုတ်ဘဲ တလွဲအသုံးချမှုများပေါ်ပေါက်စေနိုင်သည်။
- သယံဇာတ အခွန်အခဝင်ငွေများကို လက်ဆုတ်လက်ကိုင် မြင်နိုင်တွေ့နိုင်သည့် အကျိုးရလဒ်များဖြစ်သော လမ်း၊ လျှပ်စစ်မီး နှင့် ပညာရေးစနစ်များ အဖြစ်ပြောင်းလဲရာတွင် ဖွံ့ဖြိုးရေး အစီအစဉ်များချမှတ်ခြင်း၊ အားကောင်းသည့် ပြည်သူ့ဘဏ္ဍာစီမံမှုစနစ်များ၏ပံ့ပိုးမှုများသည် အဓိက အရေးပါသည့် အကြောင်းအရာများဖြစ်သည်။
- လွှတ်တော်အနေနှင့် ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်နိုင်သည့် အရေးကြီးနေရာ ၂ ခုရှိသည်။ သဘာဝသယံဇာတ အခွန်အခများ စီမံရန်အတွက် သတ်မှတ်ချက်များပြဋ္ဌာန်းခြင်း၊ အဆိုပါ အခွန်အခ များနှင့် စပ်လျဉ်းပြီး အစိုးရ၏ စီမံမှုပေါ်တွင်စောင့်ကြည့်ခြင်းတို့ ပြုလုပ်နိုင်သည်။

## သဘာဝသယံဇာတအခွန်အခများသည် ထူးခြားသည့်သဘောသဘာဝရှိသည်။

ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက်သယံဇာတများသည် အစိုးရ၏ အခြားသော ဝင်ငွေပုံစံများနှင့် ထူးထူး ခြားခြားပင်ကွဲပြားသည်။

**အကန့်အသတ်ရှိသည်။** ။ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုမပြုလုပ်ပဲ အလိုက်သင့်သုံးစွဲသည်ဆိုပါက သယံဇာတ ကုန်သွားသည့်အခါတွင် နိုင်ငံသည်အခြေပျက်ကာ ဖရိုဖရဲ ဖြစ်လာ တော့မည်ဖြစ်သည်။ တူးဖော်ခြင်း မစခင်က အခြေအနေထက်ပင် ဆိုးသွားနိုင်သည်။

**တည်ငြိမ်မှုမရှိ။** ။ အခွန်အခ ဝင်ငွေပုံစံသည် အလွန်ပင်မတည်မငြိမ်ရှိသည်။ အခွန်အခအပြောက်အများ ဝင်လာသည် ဆိုပါက မဟာဂန္တ ဝင် စီမံကိန်းများဖြစ်သောအထိမ်းအမှတ်ကျောက်တိုင်ကြီးများတည်ဆောက် ခြင်း၊ ရွှေချကျောင်းများ တည်ဆောက်ခြင်း၊ ယဉ်ကျေးမှုဌာန သို့မဟုတ် အစိုးရ အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်းများတွင် အလွန်အကျွံ သုံးပစ်ရန်အလားအလာရှိနေသည်။ မမျှော်လင့်ပဲ အခွန်အခ ရရှိမှု လျော့ကျသွားပါက  အစိုးရအနေနှင့် အသုံးစရိတ်လျော့ချ မည်လားသို့မဟုတ် ငွေချေး မည်လား တခုခုကို ရွေးချယ်ရတော့မည်ဖြစ်သည်။ သဘာဝသယံဇာတများကို အလွန်အကျွံမှီခို နေခြင်းသည် စီးပွားရေး ကျဆင်းမှုများ ပေါ်ပေါက်လာပါကအစိုးရ၏ ကိုယ်တွယ်ဖြေရှင်းနိုင်စွမ်းကို လျော့ကျစေသည်။


**အခြားသောလုပ်ငန်းများကိုထိခိုက်ပျက်ဆီးစေသည်။** ။ အခွန်အခ ကောက်ယူရရှိမှုများသည် ဆိုပါက နိုင်ငံစီးပွားဈေးကွက်ထဲသို့ ငွေများစီးဝင်လာမည် ဖြစ်ပြီး ငွေလဲနှုန်းမြင့်လာပြီး နိုင်ငံခြားမှ ကုန်စည် နှင့် ဝန်ဆောင်မှုများကို ဈေး ပေါပေါဖြင့်ဝယ်ယူနိုင်သဖြင့် နိုင်ငံတွင်းလုပ်ငန်းများသည် ပြည်ပပို့ကုန် တင်ပို့ရန်အတွက် ရုန်းကန်ရတော့မည်။ ယင်းကဲ့သို့အဖြစ် အပျက်ကို ဒတ်ချ်ရောဂါဟုအမည်တပ်သည်။ သဘာဝ သယံဇာတများ အကြီးအကျယ်ထွက်ရှိသည့်အခါတွင် နိုင်ငံတဝှမ်းမှ တော်တတ်သိ ပါရမီရှိသူများကို သယံဇာတ ကဏ္ဍသို့သာဆွဲယူလိုက်သဖြင့် အခြားကဏ္ဍသို့ တော်သည့် ကောင်းသည့်ဦးနှောက် များ မရောက်တော့ပဲ နိုင်ငံ၏ ပြိုင်ဆိုင်မှုကိုလျော့ကျစေသည်။ ထိုကဲ့သို့ တနေရာတည်းတွင် စုပြုံရောက်ရှိသဖြင့်နိုင်ငံ၏ စက်မှု ဖွံ့ဖြိုးရေးကို ဆုတ်ယုတ်သွားစေသည်။

**ပဋိပက္ခများကို ပိုမိုပြင်းထန်စေသည်။** ။ စိန်ထွက်သည့် ဆီရီယာလီယွန်၊ ရေနံထွက်သည့် အန်ဂိုလာ နှင့် ဆူဒန်၊ ကြေးနီ၊ ရွှေ၊ ကျွန်းသစ်၊ အခြားသော သတ္တုများ ထွက်သည့် မြန်မာနှင့်  ကွန်ဂို တို့တွင်မြင်နိုင် သည်။ သယံဇာတ ကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပဋိပက္ခဖြစ်ပွားမှုနှုန်း ပိုများသည်။ ထို့ကြောင့် စီမံမှုပုံစံနှင့် ဝင်ငွေပမာဏကို လိုက်ပြီးအခွန်အခများသည် သန်းပေါင်းများစွာ၏ ဘဝများကို ပြောင်းလဲစေနိုင်သည် (ဥပမာ ဘော့ဆွာနာ၊ ချီလီ) သို့မဟုတ် တူးဖော်မှုများ မပြုလုပ်ခင်က အခြေအနေထက် ပိုဆိုးသွားစေနိုင်သည်။ (ဥပမာ အန်ဂိုလာ၊ နိုင်ဂျီးရီးယား)


## အခွန်အခစီမံမှုမဟာဗျူဟာများ

သဘာဝသယံဇာတများပေးသည့် အခွင့်အရေးကို အပြည့်အဝရယူနိုင်ရန်အတွက် နိုင်ငံလုံးဆိုင်ရာမူဝါဒနှင့် သယံဇာတ အခွန် အခများမှ ရရှိသည့် ပြည်သူ့ဘဏ္ဍာစီမံရေးကို ကောင်းစွာပြင်ဆင်ထားခြင်းသည် အရေးကြီးသည်။ နိုင်ငံများ အနေနှင့်အောက် ဖော်ပြပါ အခြေခံနည်းလမ်း ၃ ခုကို ကျင့်သုံးရန် စဉ်းစားသင့်သည်။ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များပါဝင်သည့် နိုင်ငံလုံး ဆိုင်ရာ စီးပွားရေးမူဘောင် - ရေရှည် ဘဏ္ဍာရေး တည်ငြိမ်မှုကို ပံ့ပိုးနိုင်ရန်အတွက် အစိုးရ၏ အသုံးစရိတ် သို့မဟုတ် ငွေချေး ငှားသုံးစွဲမှုများကို ကန့်သတ်နိုင်သည့် ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များကို အစိုးရအနေနှင့်ချမှတ်သင့်သည်။ ဥပမာ အားဖြင့် ချီလီ၊ ဂါနာ၊  ပီရူး နှင့် နော်ဝေတို့သည် အနိမ့်အမြင့်မတည်ငြိမ်သည့် အသုံးစရိတ်များကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ချက်များ ရေးဆွဲဖော်ဆောင်ကာ ပြည်သူ့ဘဏ္ဍာရင်းနှီးမြှုပ်နှံမှု အား ကောင်းလာစေရန်ဆောင်ရွက်သည်။  သဘာဝ ပတ်ဝန်းကျင် သို့မဟုတ် စီးပွားရေးဆိုင်ရာ အကျပ်အတည်းများ ပေါ်ပေါက် လာသည့် အခါတွင်အသင့်သုံးစွဲနိုင်ရန်အတွက် ရေနံနှင့် တွင်းထွက်မှရသည့် ဝင်ငွေများကို စုဆောင်းထားသည်။ ချီလီ၊ နော်ဝေ၊ အရှေ့တီမောတို့သည် အနာဂတ်မျိုးဆက်များ အကျိုးအတွက် အလို့ငှာ သယံဇာတအခွန်အခများစုဆောင်းရန်အတွက် သတ်မှတ်ချက်များပြဌာန်းထားသည်။ အစိုးရအနေနှင့် ရေနံ သို့မဟုတ် တွင်းထွက်မှ ရသည့်အခွန် ပမာဏမည်မျှကို သုံးစွဲနိုင်မည်ကို အဆိုပါ သတ်မှတ်ချက်များဖြင့် ကန့်သတ် ထားသည်။ ပိုလျှံဘဏ္ဍာများကို ရံပုံငွေ တရပ် သို့မဟုတ်ဘဏ္ဍာရေး ဆိုင်ရာ ရည်မှန်းချက်များပြည့်မီရန် သတ်မှတ်ထူထောင် သည့် အထူးရံပုံငွေတွင် စုဆောင်းထားခြင်း သို့မဟုတ် နိုင်ငံအကြွေးများဆပ်ရာတွင် အသုံးပြုသည်။ ဈေးနှုန်းကျဆင်းမှုကြောင့် သော်လည်းကောင်း၊ ထုတ်လုပ်မှုကျဆင်းမှုကြောင့်သော်လည်းကောင်း အခွန်အခရရှိငွေများကျဆင်းလာပါက အဆိုပါ ဘဏ္ဍာ ရေးသတ်မှတ်ချက်များနှင့် အညီ အစိုးရသည်ငွေချေးနိုင်သည် သို့မဟုတ် ရံပုံငွေမှ ထုတ်ယူသုံးစွဲ နိုင်သည်။ ဘဏ္ဍာရေးဆောင် ရွက်ချက်များ ပုံမှန်ဖြစ်စေရန်အတွက် အစိုးရအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက် များရေးဆွဲသည့်အခါ အထူးရည်မှန်း ချက်များချမှတ် ရေးဆွဲရမည်။ ( ဥပမာ-ဖွံ့ဖြိုးရေး အစီအစဉ်များ ပိုမို တိုးတက်လာစေရန်အတွက် နှစ်အလိုက် အသုံးစရိတ်များ ချောမွေ့အောင်ဆောင်ရွက်ခြင်း၊အလေအလွင့် များ ကိုကာကွယ်နိုင်ရန်အတွက် ပြည်သူ့အသုံးစရိတ်ကို ကန့်သတ်ခြင်း၊ အနာဂတ် မျိုးဆက်များအတွက်စုဆောင်းခြင်း) သတ်မှတ်ချက်များ တည်တံ့ရေးနှင့် ပတ်သက်ပြီး နိုင်ငံရေးဆိုင်ရာ သဘောတူညီချက် ရရှိ ရမည်။ တရားရေး နှင့် သို့မဟုတ် လွှတ်တော်က ၎င်းတို့ကို အသက်သွင်းအာဏာတည်စေ၊ အသုံးချရမည်။

## နော်ဝေး




## ဗင်နီဇွဲလား




နော်ဝေနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ အခွန်အခဝင်ငွေနှင့် အသုံးစရိတ်အပြောင်းအလဲများပေါ်တွင် ဘဏ္ဍာရေးသတ်မှတ်ချက်များ၏ သက်ရောက်မှု၊ ဘဏ္ဍာရေးသတ်မှတ်ချက်မရှိခြင်း၏ သက်ရောက်မှုများ။ ယနေ့အချိန်ထိ အမေရိကန်ဒေါ်လာ ၄ ထရီလီယံတန်ကြေးရှိ ပိုင်ဆိုင်မှုများကို သယံဇာတ အခွန်အခများ အသုံးပြုကာဝယ်ယူထားပြီး သယံဇာတရံပုံငွေအောက်တွင် ထိန်းသိမ်းထားသည်။

| နိုင်ငံသို့မဟုတ် ဒေသ | စာရင်းအမည် | ဥပဒေ ရည်မှန်းချက် | ရက်စွဲ | သယံဇာတ | စုစုပေါင်း ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ဘီလီယံ |
|---|---|---|---|---|---|
| အဘူဒါဘီ (ယူအေအီး) | အဘူဒါဘီ ရင်းနှီးမြုပ်နှံမှု အာဏာပိုင် | စုဆောင်းရန် | ၁၉၇၆ | ရေနံ | ၇၇၃ |
| အယ်ဘာတာ (ကနေဒါ) | အယ်ဘာတာ အမွေအနှစ် ရံပုံငွေ | စုဆောင်းရန် | ၁၉၇၆ | ရေနံ | ၁၆ . ၂ |

| | | | | | |
|---|---|---|---|---|---|
| အဇာဘိုင်ဂျန် | နိုင်ငံတော်ရေနံ ရံပုံငွေ | ဘက်စုံ သုံးရန် | ၁၉၉၉ | ရေနံ | ၃၆ . ၆ |
| ဘော့ဆွာနာ | ပူလာ ရံပုံငွေ | စုဆောင်းရန် | ၁၉၉၆ | တွင်းထွက် | ၅ .၇ |
| ချီလီ | စီးပွားရေး ရံပုံငွေ လူမှုရေး တည်ငြိမ်ရေး | တည်ငြိမ်ရေး | ၂၀၀၇ | တွင်းထွက် | ၁၅ . ၉ |
| | ပင်စင် သီးသန့် ရံပုံငွေ | စုဆောင်းရန် | ၂၀၀၆ | တွင်းထွက် | ၇ . ၆ |
| ဂါနာ | ဂါနာ အမွေအနှစ် ရံပုံငွေ | စုဆောင်းရန် | ၂၀၁၁ | | ၀ . ၁ |
| | ဂါနာ တည်ငြိမ်ရေး ရံပုံငွေ | စုဆောင်းရန် | ၂၀၁၁ | ရေနံ | ၀ . ၃ |
| ကာဇက်စတန် | ကာဇက်စတန် အမျိုးသား ရံပုံငွေ | ဘက်စုံ သုံးရန် | ၂၀၀၀ | ရေနံ | ၇၆ . ၆ |
| ကူဝိတ် | ကူဝိတ် ရင်းနှီးမြုပ်နှံမှု အာဏာပိုင် | ဘက်စုံ သုံးရန် | ၁၉၅၃ | ရေနံ | ၄၀၀ အထက် |
| လစ်ဗျား | လစ်ဗျား ရင်းနှီးမြုပ်နှံမှု အာဏာပိုင် | ဘက်စုံ သုံးရန် | ၂၀၀၆ | ရေနံ | ၆၅ |
| မက္ကဆီကို | မက္ကဆီကို ရေနံအခွန်အခ ဝင်ငွေ တည်ငြိမ်ရေး ရံပုံငွေ | တည်ငြိမ် ရေး | ၂၀၀၀ | ရေနံ | ၃ . ၅ |
| | မက္ကဆီကို တည်ငြိမ်တိုးတက်ရေး ရံပုံငွေ | ဘက်စုံ | ၂၀၁၄ | ရေနံ | - |
| မွန်ဂိုးလီးယား | ဘဏ္ဍာရေးတည်ငြိမ်ထိန်းသိမ်းရေးရံပုံငွေ | တည်ငြိမ်ရေး | ၂၀၁၁ | တွင်းထွက် | ၀ . ၃ |
| နိုင်ဂျီးရီးယား | နိုင်ဂျီးရီးယား အချုပ်အချာ ရင်းနှီးမြုပ်နှံမှု အာဏာပိုင် | ဘက်စုံ သုံးရန် | ၂၀၁၂ | ရေနံ | ၁ . ၄ |
| နော်ဝေ | အစိုးရ ပင်စင်ရံပုံငွေ | ဘက်စုံ သုံးရန် | ၁၉၉၀ | ရေနံ | ၈၇၈ |
| အရှေ့တီမော | အရှေ့တီမော ရေနံရံပုံငွေ | စုဆောင်းရန် | ၂၀၀၅ | ရေနံ | ၁၅ . ၇ |
| ဝေါင်မင် (အမေရိကန်) | ဝေါင်မင်တွင်းထွက် ရာသက်ပန် ရံပုံငွေ | စုဆောင်းရန် | ၁၉၇၄ | တွင်းထွက် | ၇ |

## ဇယား ၁၊ သဘာဝသယံဇာတ ရံပုံငွေဇယား

နိုင်ငံများစွာမှ ဗဟိုဘဏ်များသည် အစိုးရ၏ ဘဏ္ဍာရေးမူဝါဒကို အထောက်အပံ့ဖြစ်စေရန် အလို့ငှာ ရေနံ၊ ဓာတ်ငွေ့နှင့်တွင်းထွက် သယံဇာတအခွန်အခများ ဒလဟောဝင်လာမှုကြောင့် ပေါ်ပေါက်လာ သည့် ငွေကြေးဖောင်းပွမှုများကို ထိန်းသိမ်းရန်၊ ငွေလဲနှုန်းကို ထိန်းချုပ်ရန်အတွက် လျော်ကန်သင့်တော် သည့် ငွေကြေးဆိုင်ရာမူဝါဒများချမှတ်ကျင့်သုံးကြသည်။ သယံဇာတကြွယ်ဝသည့် နိုင်ငံအားလုံးနီးပါး၏ ဗဟိုဘဏ်များသည် ငွေကြေးလဲလှယ်နှုန်းနှင့် အချို့သောဘဏ်များကို ထိန်းချုပ်စီမံလေ့ရှိသည်။ ဉပမာ ကာဇက်စတန် ဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုကို ကိုင်တွယ်ရန်အတွက် ပြည်တွင်းဈေးကွက်မှငွေများ ကို ထုတ်ယူလိုက်ပြီး နိုင်ငံခြားအရန်ရံပုံငွေထဲတွင် ထည့်သွင်း ထိန်းသိမ်းခြင်းပြုလုပ်သည်။

**ဖွံ့ဖြိုးရေးအစီအစဉ်များ။** ။ သယံဇာတအခွန်အခ အမြောက်အများရသည်ဆိုပါတော့။ ရေတို ဖွံ့ဖြိုးရေး အစီအစဉ်များကို ပုဂ္ဂလိက ကဏ္ဍဦးဆောင်မှုထက် အစိုးရအကြိုက်၊ အစိုးရကသာ ဦးဆောင် လုပ်ကိုင်သွားဖို့က ဖြစ်နိုင်ချေ များပါသည်။ အကြောင်းကတော့ ရိုးရိုးလေးပင်ဖြစ်ပါသည်။ ပိုက်ဆံ အများစုမှာ အစိုးရတွင်သာ ရှိသောကြောင့်ဖြစ်သည်။ အရေးကြီးသည့်အချက်မှာ အစိုးရအနေနှင့် လက်တွေ့ကျသော တိုးတက်မှုကိုအားပေးသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကို ဖန်တီးနိုင်ရမည်။ ထိရောက်အောင်မြင်သည့် ဖွံ့ဖြိုးရေးအစီ အစဉ်တခုဖြစ်ပေါ်လာရန်မှာ စီးပွားရေးကဏ္ဍမှ အခက်အခဲများကို လေးလေးနက်နက် ဆန်းစစ်လေ့လာမှုများရှိရမည်။ နှစ်အလိုက် ဦးစားပေးဆောင်ရွက်မည့် ပြည်သူ့ကဏ္ဍရင်းနှီးမြှုပ်နှံမှုများပါဝင်ရမည်။ (ဥပမာ - ဆိပ်ကမ်း၊ နေရာက မှ ခ သို့ လမ်းမကြီး ဖောက်လုပ်ခြင်း) ဖွံ့ဖြိုးရေးစီမံကိန်းများသည် အနည်းဆုံး၅ နှစ် အတွက်ပြင်ဆင်ရေးဆွဲသင့်သည်။ ပြည်သူများ၏ အားပေးထောက်ခံမှုကို ရရှိရန်အတွက်အချိန်တိုအတွင်း အလုပ်ပြနိုင်သည့်၊ လူထုလိုလားမှုကို အလျင်အမြန်ဖြည့်ဆည်းပေးပြီး လူထုဘဝကို တိုးတက်စေ မည့် စီမံကိန်းများ ပါဝင်သင့်သည်။ (ဥပမာ- သောက်သုံးရေ၊ စွမ်းအင်စနစ်များ၊ ကျေးလက်လမ်း စီမံကိန်းများ ဖြစ်သည်။) အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းသည် ရံဖန်ရံခါ ပြဿနာအခက်အခဲများရှိသည်။ ဖွံ့ဖြိုးရေးအစီအစဉ်များကို အစပိုင်းတွင် အခိုင်အမာ ရေးဆွဲထားသော်လည်း ဘတ်ဂျတ်အနေအထားပေါ်လိုက်ပြီး နိုင်ငံရေးအရ ဦးစားပေးမှုများက ဖွံ့ဖြိုးရေးရည်မှန်းချက်များပေါ် လွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်သည်။ လက်တွေ့အကောင်အထည်ဖော်မှုကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်သည့် နည်းအမျိုးမျိုးရှိသည်။ အစိုးရဌာနအသစ်ဖွဲ့စည်းခြင်းမျိုးဖြင့်လည်းဆောင်ရွက်နိုင်သည်။ ဘဏ္ဍာရေး ဝန်ကြီးဌာနအတွင်း အဖွဲ့ဖန်တီးဖြင်းဖြစ်သော်လည်းကောင်း သို့မဟုတ် အထူးအဖွဲ့ ဖွဲ့စည်းပြီးယင်းအဖွဲ့သည် နှစ်စဉ်ဘတ်ဂျတ်ကို နှစ်ရှည်ဖွံ့ဖြိုးရေးအစီအစဉ်နှင့် ကိုက်ညီအောင်ချမှတ်ခြင်းများတွင် အကူအညီပေးရန်တာဝန်ပေးနိုင်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် သယံဇာတအခွန်အခများကိုအသုံးချရန် အတွက် ဖွံ့ဖြိုးရေးရံပုံငွေ တည်ထောင်ခြင်းပြုလုပ်နိုင်သည်။ သို့မဟုတ် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများကို ငွေချေးပေးနိုင်ရန်အတွက် ဖွံ့ဖြိုးရေးဘဏ်တည်ထောင်နိုင်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများ လက်တွေ့အကောင်အထည်ဖော်ခြင်းလုပ်ငန်းများစောင့်ကြည့်ခြင်းကို လွှတ်တော်က ဆောင်ရွက်နိုင်သည်။ အစိုးရအနေနှင့် ရေးဆွဲထားသည့် အစီအစဉ်အတိုင်းအကောင်အထည်ဖော်ရန်အတွက် လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာကို အပြည့်အဝ အသုံးပြုပြီး ဖိအားပေးသင့်သည်။

**ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု။** ။ သင့်တော်ကောင်းမွန်သည့် နိုင်ငံအဆင့် စီးပွားရေးမူဘောင်၊ အဘက်ဘက်မှ ပြည့်စုံအောင်ဖြည့်ဆည်း ရေးဆွဲထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များရှိနေသည့် တိုင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုတွင် အားနည်းညံ့ဖျင်းပါက သယံဇာတအခွန်အခများကို ပြည်သူအများကောင်းစားရေး အတွက်ပြောင်းလဲ အသုံးချရာတွင် နှောင့်နှေးမှုများဖြစ်ပေါ်စေနိုင်သည်။ အနှောက် အယှက်ဖြစ်စေသည်။ ပြည့်သူ့ ဘဏ္ဍာရေးစနစ်ဆိုသည်မှာ ဘတ်ဂျတ်အသုံးပြုသည့် စနစ်ဖြစ်ပြီးအခြေခံအဆောက်အဦများ တည်ဆောက်ခြင်းများပါဝင်သည်။ စီမံကိန်းများ အစီရင်ခံခြင်း၊ စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ပါဝင်သည်။

> သမိုင်းသင်ခန်းစာ နော်ရူး ။ ။ ကျွန်းနိုင်ငံဖြစ်ပြီး တွင်းထွက်သယံဇာတ ကြွယ်ဝခဲ့သည့် နိုင်ငံဖြစ်သည်။ သို့သော်လည်း အစိုးရ စီမံမှုအားနည်းသလို ရသမျှဝင်ငွေများကို အလျင် အမြန် သုံးစွဲသည်။ လွတ်လပ်ရေး ရသည့် ၁၉၆၈ တွင် နော်ရူးသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်သည်။ ၁၉၇၃ တွင်တော့ ဖော့စဖိတ် အမြောက်အများတွေ့ရှိပြီး တဦးချင်း ဂျီဒီပီသည် ဒေါ်လာ ၂၅၀ ၀၀ ရှိပြီး ကမ္ဘာ့ ဒုတိယ အများဆုံးနိုင်ငံ စာရင်းဝင်ခဲ့သည်။ သယံဇာတ အခွန်အခ စီမံခန့်ခွဲမှု အားနည်းသဖြင့် ၂၀၀၇ခုနှစ်တွင် ကမ္ဘာ့အဆင်းရဲ ဆုံးနိုင်ငံစာရင်းသို့ ပြန်လည်ရောက်ရှိသွားသည်။ တဦးချင်း ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၁၉၀၀ အောက် သာရှိတော့သည်။

## ပြည်သူ့ရင်းနှီးမြှုပ်နှံမှုများ၏ အောင်မြင်သော ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲရေးတွင်အောက်ပါ အချက်များပါဝင်သည်။

- အကုန်အကျနှင့် အကျိုးအမြတ်များကို မှန်ကန်စွာ သုံးသပ်သည်။
- နည်းပညာပိုင်းဆိုင်ရာ သုံးသပ်ချက်ကို လွတ်လပ် စွာဆောင်ရွက်သည်။
- နိုင်ငံအနေနှင့် ဝယ်ယူမှုများပြုလုပ်ရာတွင် ပွင့်လင်းမှုရှိသည်။ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူ သည်။
- လုပ်ငန်းဆောင်ရွက်မှုကို ခြုံငုံစောင့်ကြည့်သည်
- အခြေခံအဆောက်အဦများ ထိန်းသိမ်းရန်၊ လည်ပတ်အသုံးချရန်အတွက် လုပ်သားများ ကို သင်တန်းပေးမွေးမြူသည်။ အသုံးချရန်၊ ပြုပြင်ထိန်းသိမ်းရန်အတွက် ဘတ်ဂျက်ချသည်။

## သဘာဝသယံဇာတရံပုံငွေများတွင် ပွင့်လင်းမြင်သာမှုအရေးပါပုံ

သဘာဝသယံဇာတ ရံပုံငွေတည်ထောင်ခြင်းသည် သယံဇာတကြွယ်ဝသည့်နိုင်ငံများ၏ ဝင်ငွေစီမံမှုမူဝါဒများတွင်အသုံးများသည့် နည်းလမ်းတခုဖြစ်လာသည့်အလျောက် ထိုများလှစွာသော ဝင်ငွေ အစုလိုက်ကို ကောင်းစွာစီမံနိုင်ရန်မှာ အရေးကြီးသထက်ကြီးလာသည်။ သဘာဝသယံဇာတ ရံပုံငွေ ပွင့်လင်းမြင်သာမှုရှိရန်အတွက်

- မူဝါဒရေးဆွဲသူများနှင့် စီမံသူများအတွက် တိတိကျကျ သတ်မှတ်ထားသည့် တာဝန်နှင့် အခန်းကဏ္ဍရှိရန်လိုသည်
- အလွယ်တကူရယူနိုင်သည့် အများပြည်သူသိစေရန် ပြင်ဆင်ထုတ်ပြန်သည့် သတင်း အချက်အလက်များလိုသည်။
- ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များနှင့် အစီရင်ခံလုပ်ငန်းစဉ်များသည် ပွင့်လင်းမှုရှိရန်လိုသည်။
- တိကျသည့်သတင်းအချက်အလက်များကိုအာမခံချက်ရှိရှိနှင့်ထုတ်ပေးရမည်။

ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့် အစိုးရ၏လုပ်ငန်းရည်ရွယ်ချက်များသည် ပြည်သူ့ဆန္ဒနှင့် ပိုမိုနီးစပ်လာသည်က အမြတ်ဖြစ်သည်။ လက်တွေ့ပိုဆန်လာခြင်း၊ ယုတ္တိတန်စေခြင်း၊ ပုံမှန်ဆောင်ရွက်မှုများ ဖြစ်ပေါ် စေခြင်းဖြင့် မူဝါဒများကိုလည်း ပိုမိုတိုးတက်စေသည်။ ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့် ပုဂ္ဂလိက ရင်းနှီးမြှုပ် နှံမှုများ၏ ဥပဒေကြောင်းအရရိုင်မာမှု အားကောင်းစေသည်။ စီးပွားရေးအခြေ အနေများကိုတိုးတက်စေ သည်။ ထို့ပြင် လူမှုရေး နိုင်ငံရေး ပဋိပက္ခများကိုလျော့ချပေးသည်။ အားလုံးထက်ပိုအရေးကြီးသည်မှာ ပွင့်လင်းမြင်သာမှုသည် အစိုးရတာဝန်ခံမှု၏ မရှိမဖြစ်အခြေခံဖြစ်သည်။ လွှတ်တော် သို့မဟုတ် တရားရေး ကဲ့သို့သော စောင့်ကြည့်ထိန်းကျောင်းသည့် ဌာနများ အနေနှင့် အခြေအနေများကို ပိုမိုသဘောပေါက်၊ အချက်အလက်များပိုမိုပြည့်စုံနေပါက အစိုးရအရာရှိများ၏ မသမာမှုများကို တားဆီးရာတွင် များစွာအထောက်အကူဖြစ်စေသည်။ ထို့ပြင် သဘာဝသယံဇာတ ရံပုံငွေကို ဘတ်ဂျတ်တည်ငြိမ်ရေး သို့မဟုတ် စုဆောင်းထားရန် အသုံးပြုခြင်းကဲ့သို့သော အစိုးရတာဝန်ခံမှုများပေါ်ပေါက်လာအောင် ဆောင်ရွက်ရာတွင် ပိုမိုအားကောင်းစေသည်။  အစိုးရ၏ သယံဇာတ ခွဲဝေရေးဆုံးဖြတ်ချက်များနှင့် ကိုက်ညီမှုရှိနေစေရန် နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ မူဘောင်၏ သက်ရောက်မှုအဝန်းအဝိုင်းတွင် သဘာဝသယံဇာတ ရံပုံငွေများကိုပေါင်းစပ်ထည့်သွင်း ထားရမည်။ ထို့ကြောင့် ရံပုံငွေ မည်မျှရှိသည်၊ ရပိုင်ခွင့်မည်မျှရှိသည်၊မည်သို့အသုံးပြုသည်၊ အပြောင်းအလဲများမည်သို့ ပြုလုပ်သည်များနှင့် ပတ်သက်ပြီး ပွင့်လင်းမှုရှိရန် လိုအပ်သည်။ လွှတ်တော်အနေနှင့် သဘာဝသယံဇာတ ရံပုံငွေဆိုင်ရာ ဥပဒေပြုခြင်း၊ သတ်မှတ်ချက်ဆွဲခြင်းတို့ကို စောင့်ကြည့်သင့်သည်။ ရံပုံငွေမှ ထုတ်ယူသုံးစွဲသည့်အခါတွင်လည်း ဘတ်ဂျတ် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခု အနေနှင့် စစ်ဆေးပြီးမှခွင့်ပြုသင့်သည်။

## မြန်မာနိုင်ငံ၏ အခွန်ဝင်ငွေမဟာဗျူဟာ ပြုစုရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များ။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ မျိုးစုံထွက်သည်။ နိုင်ငံဘတ်ဂျတ်အတွက် ငွေအတော်များများကို သယံဇာတမှ ရရှိသည်။ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မီးသွေး၊ ကျောက်စိမ်း၊ ရတနာ၊ သတ္တုများ၊ သစ်များ တင်ပို့ခြင်းသည် ၂၀၁၂-၂၀၁၃ အမျိုးသား ပို့ကုန် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းဖြစ်သည်။ နိုင်ငံ၏ ဂျီဒီပီ ၁၀ ရာခိုင်နှုန်းဖြစ်သည်။ အထူးသဖြင့် သဘာဝဓာတ်ငွေ့ ရောင်းရငွေသည် နိုင်ငံခြားငွေအများဆုံးရှာပေးသည်။  မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ၄၁ ခုမြောက် အကြီးဆုံး ရှာဖွေတွေ့ရှိထားသည့် သဘာဝ ဓာတ်ငွေ့သိုက်၊ ၇၈ ခုမြောက်အကြီးဆုံး ရေနံတွင်း များပိုင်ဆိုင်ထားသည်ဟု မျှော်လင့်ရသည်။ တွေ့ရှိထားသည့် ဓာတ်ငွေ့ ပမာဏမှာ ၂၀.၁၁ ထရီလျံ ကုပေရှိပြီးထပ်မံတွေ့ရှိရန်လည်း အလားအလာများစွာရှိနေသေးသည်။ မြန်မာနိုင်ငံသည် သယံဇာ တပေါ်တွင် မှီခိုနေသည့် တိုင်းပြည်ဖြစ်သည်။ ဒတ်ချ်ရောဂါ၊ ဝင်ငွေမတည်ငြိမ်မှု၊ အနာဂတ် ဖွံ့ဖြိုးရေးအတွက် အကန့်အသတ် များရှိသော သယံဇာတပေါ်တွင်မှီခိုနေရခြင်း စသည်များနှင့် ဆက်စပ်နေသည့် ပြဿနာများကိုရှောင်ရှားနိုင်ရန်အတွက် အစိုးရ အနေနှင့် ကာလရှည်၊ ကာလလတ် နိုင်ငံလုံးဆိုင်ရာ စီးပွားရေးမူဝါဒများကောင်အထည်ဖော်ဆောင်ရွက်ရန်လည်း စဉ်းစားနိုင် သည်။ ဥပမာ မြန်မာအစိုးရအနေနှင့် အနာဂတ်အတွက်စုဆောင်းခြင်း၊ စီးပွားတည်ငြိမ်ရေးအတွက် ရည်ရွယ်ပြီး သဘာဝ သယံဇာတ ရံပုံငွေတည်ထောင်ခြင်းမျိုးပြုလုပ်နိုင်သည်။ သယံဇာတတူးဖော်ခြင်းမှ အမြောက်အများရရှိသည့် ဝင်ငွေများကို ကာလရှည် ကာလလတ်စီမံကိန်းများအတွက် အသုံးပြုနိုင်သည်။ အချို့ကို အနာဂတ်မျိုးဆက်များအတွက်စုဆောင်းထားနိုင်သည်။ သို့သော်လည်း ရံပုံငွေထူထောင်ရာတွင် ပြဿနာလေးများရှိတတ်သည်။ ရပုံငွေ လည်ပတ်သုံးစွဲပုံကိုကောင်းစွာပြင်ဆင်ရေး ဆွဲခြင်း၊ ထိထိရောက်ရောက် စောင့်ကြည့်ခြင်းများမရှိပါက စင်ပြိုင်အသုံးစရိတ် parallel budget ဖြစ်သွားနိုင်သည်။ ထိုထက် ဆိုးပါက လာဘ်စားမှု၊ ကိုယ်ကျိုးရှာမှုများအတွက် လမ်းကြောင်းပေးသည့်သဖွယ်ဖြစ်သွားနိုင်သည်။ သဘာဝသယံဇာတ ရံပုံငွေ ကိုကာကွယ်ရန်အတွက် လာဘ်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များချမှတ်ထားရမည်။ စုဆောင်းငွေများကိုစီမံခြင်းနှင့်ဆိုင်သည့် သတ်မှတ်ချက်များချမှတ်ရမည်။ ရံပုံငွေထုတ်ယူအသုံးချခြင်း နှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းသည် နိုင်ငံရေးဝင်ရောက်စွက် ဖက်ခြင်းမှ ကင်းလွတ်ရမည်။ ရံပုံငွေစီမံရသူများ သည်နိုင်ငံရေးအကျိုးအမြတ်အလို့ငှာ ရင်းနှီးမြှုပ်နှံခြင်းများမပြုလုပ်နိုင်အောင် ကာကွယ်ရမည်။ ရင်းနှီးမြှုပ်နှံမှုများမှ စီးပွားရေးဆိုင်ရာအကျိုးအမြတ်များရမည်ဟု ဆိုနိုင်လောက်သည့်အခြေအနေတွင်ဖြစ်စေ နိုင်ငံရေးအတွက် အသုံးချခြင်းမဖြစ်စေရ။

ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ လွှတ်တော် ကဲ့သို့သော စောင့်ကြည့်ထိန်းကျောင်းမှုများ ဆောင်ရွက်သည့် လွတ်လပ်သောအဖွဲ့ အစည်းများသည် သယံဇာတ အခွန်အခစီမံ သုံးစွဲမှုများ ပိုမိုတိုးတက်လာစေရန်၊ အစိုးရ တာဝန်ခံမှု တိုးတက်လာစေရန်ဆောင်ရွက် ရာတွင် အရေးကြီး သည့်နေရာမှပါဝင်လျက် ရှိသည်။

## သဘာဝသယံဇာတ ဝင်ငွေများစီမံခန့်ခွဲခြင်းကို စောင့်ကြည့်ရာတွင် လွှတ်တော်အနေနှင့် မည်သည့်ကဏ္ဍမှ ပါဝင်နိုင်သနည်း။

သဘာဝသယံဇာတအခွန်အခများ စီမံခြင်းနှင့်ပတ်သက်ပြီး ပိုမိုတိုးတက်လာစေရန် လွှတ်တော်က ဆောင်ရွက်နိုင်သည့် ကဏ္ဍ နှစ်ရပ်ရှိသည်။ ဝင်ငွေအခွန်အခများကို စီမံသုံးစွဲရန် သတ်မှတ်ချက်များထုတ်ပြန်ပြဌာန်းခြင်း။ သယံဇာတ အခွန်အခများခွဲဝေခြင်း ကိုဖြစ်ပေစေသည့် ဘတ်ဂျတ်ချထားရေးလုပ်ငန်းစဉ်များတွင် လွှတ်တော်အနေဖြင့် အဓိက နေရာမှ ပါဝင်နိုင်သည်။ အထက် ဖော်ပြခဲ့ပါအတိုင်း သယံဇာတရံပုံငွေ တည်ထောင်ခြင်း၊ ဘဏ္ဍာရေး သတ်မှတ်ချက်များပြဌာန်းခြင်းတို့နှင့် ဥပဒေပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ချီလီ၊ ဂါနာ၊ အရှေ့ တီမော ကဲ့သို့သော နိုင်ငံအများအပြားတွင် အခွန်အခဝင်ငွေစီမံခြင်းဆိုင်ရာ ဥပဒေကို အတည်ပြုပြဌာန်းပြီး ဖြစ်သည်။ ယင်းဥပဒေတွင် ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များကို ဖော်ထုတ်ပြဌာန်းထားသည် သာမက စုဆောင်းထားသည့် ငွေများကို မည်သို့စီမံနေမည်၊ သယံဇာတ ရံပုံငွေဖြင့် ဝယ်ယူထားသည့် ပိုင်ဆိုင်မှုများအား စီမံပုံကိုလည်း

တပါတည်းရှင်းလင်းပြထားသည်။ မည်ကဲ့သို့သောရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သည်ဆိုသော သတ်မှတ်ချက်ကိုလည်း ထိုဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။ မည်သူက ထိုရံပုံငွေများကိုစီမံမည်နည်း (ပုံမှန်အားဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ်က ချုပ်ကိုင် သည်) အစီရင်ခံစာတွင်မည်သည့်အချက်များ ပါရမည်ကိုပါထည့်သွင်းပြဋ္ဌာန်းနိုင်သည်။ လွှတ်တော် အနေ နှင့် နိုင်ငံဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းကြီးကြပ်နိုင်သည်။ လွှတ်တော်တွင်ဆွေးနွေးခြင်း သို့မဟုတ် စစ်ဆေးအတည်ပြုခြင်းများပြုလုပ်နိုင်သည်။ ပြည်သူ့ဘဏ္ဍာစီမံမှုစနစ်ကို တိုးတက်ကောင်းမွန်စေသည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်သည်။ နိုင်ငံအများစုတွင် ဘတ်ဂျက်ထိန်းချုပ်ရေး၊ ဝယ်ယူရေးလုပ်ငန်းစဉ်များ ကိုပိုမိုအားကောင်းစေရန် ဘတ်ဂျတ် ဥပဒေ၊ ပြည်သူ့ပိုင်ပစ္စည်းဝယ်ယူရေးဥပဒေ၊ ပြည်သူ့ဘဏ္ဍာဥပဒေများ ပြဋ္ဌာန်းထားသည်။ ဒုတိယအနေနှင့် သယံဇာတစီမံမှုစနစ် သည် သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန်၊ အစိုးရလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ကိုက်ညီနေရန်အတွက်စောင့်ကြည့်ထိန်း ကျောင်းခြင်းပြုလုပ်နိုင်သည်။ ပြည်ပ စာရင်းစစ်၊ ငွေစာရင်းရုံးများ သို့မဟုတ် ကဏ္ဍစုံမှသက်ဆိုင်သူအုပ်စုများ multi-stakeholder oversight groups နှင့် လွှတ်တော်တို့သည် ထိန်းသိမ်းစောင့်ကြည့်ရေးလုပ်ငန်းကိုထိရောက်စွာဆောင် ရွက်နိုင်သည်။  လွှတ်တော်၏ သတင်းအချက်အလက်များ ရနိုင်ခွင့်အာဏာ၊ ကြားနာခွင့် အာဏာများကိုအသုံးချပြီး ကိစ္စ အတော်များများအတွက် ကောက်ချက်ချခြင်းများ၊ အစိုးရအနေနှင့် အကောင်အထည်ဖော်ရာတွင် ဥပဒေနှင့် အညီဆောင်ရွက်ရန် ဖိအားပေး မှုများပြုလုပ်နိုင်သည်။ အခွန်ငွေသုံးစွဲပုံ၊ စီးဆင်းပုံ၊ ရံပုံငွေရင်းနှီးမြုပ်နှံမှု အခြေအနေ၊ အွန္တရာယ်စီမံပုံ နှင့် ဆုံးဖြတ်ချက် ချသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး လွှတ်တော်အမတ်များ သည် ပိုက်စိပ်တိုက်မေးခွန်းများကိုအားမနာတမ်းမေးသင့်သည်။ မေးခွန်းကောင်းများကို မေးသင့်သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးအမြတ်များ တိုးတက်လာစေရန်အတွက် အခွန်အခစီမံမှု ဆိုင်ရာ အပြောင်းအလဲများပြုလုပ်ရန် လိုအပ်လာသည့်အချိန်တွင် လွှတ်တော်အမတ်များသည် တက်ကြွစွာ ပါဝင်သင့်သည်။

## ကောင်းမွန်သည့်မူဝါဒများနှင့် ထိရောက်သော စောင့်ကြည့်ထိန်းကျောင်းမှုများအတွက် လွှတ်တော်၏ မဟာဗျူဟာများ

သယံဇာတဝင်ငွေများကို အကျိုးရှိရှိအသုံးပြုရန်၊ ပြည်သူ့အကျိုးအတွက် အသုံးချရန်အတွက် လွှတ်တော်အနေနှင့် အစိုးရအား တိုက်တွန်းနိုင်သည်။ ဥပဒေပြုခြင်းဖြင့် အစိုးရကို ဖိအားပေးနိုင်သည်။
လွှတ်တော်သည်

- နှစ်အလိုက် ဘတ်ဂျက်ဆုံးဖြတ်ချက်များသည် ကာလတို၊ ကာလရှည် နိုင်ငံဖွံ့ဖြိုးရေး အစီအစဉ်များနှင့် ချိတ်ဆက်မိရန် အတင်းအကျပ်တိုက်တွန်းရမည်။ ထိုသို့သော အစီအစဉ် များရှိနေပြီဆိုပါက ချမှတ်ထားသည့် ရည်မှန်းချက်များနှင့်ကိုက် ညီမှုရှိမရှိကို စောင့်ကြည့် ထိန်းကျောင်းနိုင်သည်။
- လက်တွေ့အကောင်အထည်ဖော်မှုများသည် ရေရှည်အခွန်အခဝင်ငွေ စီမံမှုမဟာဗျူဟာ သို့မဟုတ်  အခွန်အခဝင်ငွေစီမံမှု ဥပဒေနှင့် ကိုက်ညီမှုရှိစေရန် နှစ်စဉ်ချထားသည့် ဘတ်ဂျတ်ကို အနီးကပ်စောင့်ကြည့်လေ့လာခြင်း
- စနစ်ကျသည့် ဘဏ္ဍာရေးစီမံမှုနှင့် ခန့်မှန်းတွက်ချက်ခြင်း၊ ဌာနများ၏ စွမ်းရည်ရှိနေပြီ ဆိုပါက  သဘာဝသံဇာတ ရံပုံငွေနှင့် အခွန်အခ ခွဲဝေပုံကို ပြုပြင်မွမ်းမံသည် သို့မဟုတ် အသစ်ဖန်တီးရေးဆွဲသည် ဥပဒေ တင်သွင်းခြင်းမျိုးပြုလုပ်နိုင်သည်။
- အစိုးရသို့ ပေးအပ်အကြံပေးနိုင်ရန်အတွက် အခွန်အခဝင်ငွေ စီမံမှု မူဝါဒ သို့မဟုတ် အစီအစဉ် အသစ်တမျိုး ပြုစုရေးဆွဲပေးခြင်း
- လွှတ်တော်၏ အခွင့်အာဏာကို အသုံးပြုပြီး အကြီးစား အခြေခံအဆောက်အဦ စီမံကိန်း များ၏ ကုန်ကျငွေ၊ အရည် အသွေး၊ ကြာချိန် တို့ကို စောင့်ကြည့်ခြင်း။ စီမံကိန်းများ ဆောက်လုပ်မှု အရည်အသွေးညံ့ဖျင်းနေသည် သို့မဟုတ် စီမံခန့် ခွဲမှုတွင် လစ်ဟာမှုများ တွေ့ရှိသည်ဆိုပါက ကန်ထရိုက်တာကို ဆိုင်းငံ့ခြင်း၊ အစားထိုးခြင်းများပြုလုပ်နိုင်သည်။
- အခွန်အခဝင်ငွေ စီမံမှုစနစ်၊ အကြီးစားအခြေခံအဆောက်အဦ လုပ်ငန်းအကောင် အထည် ဖော်မှု၊ စီးပွားရေးကဏ္ဍစုံ တိုးတက်အောင် ဆောင်ရွက်နေမှုတို့၏ အားနည်းချက် အားသာ ချက်များကို သုံးသပ်ထားသည့် ကော်မတီအစီရင်ခံစာ ထုတ်ပြန်ခြင်း
- လာဘ်စားသည့်  ပြည်သူ့အကျိုးနှင့် ဆန့်ကျင်ဖီလာ ဆောင်ရွက်သည့်အစိုးရအရာရှိများကို တာဝန်မှဆိုင်းငံ့ခြင်း၊
- အခွန်အခဝင်ငွေများ သုံးစွဲခြင်း၊စီမံခြင်းများနှင့်စပ်လျဉ်းပြီး တွေ့ကြုံရသည့်အခက် အခဲများ၊ လုပ်နည်းကိုင်နည်းများ၊ အခြားရွေးချယ်စရာများကို အရပ်ဖက်လူ့အဖွဲ့အစည်းသို့မဟုတ် လွှတ်တော်ဝန်ထမ်းများကို ပြင်ဆင်စုစည်းစေခြင်း
- မီဒီယာတွေ့ဆုံရှင်းလင်းပွဲများနှင့် သတင်းအချက်ကြားနာခြင်းများပြုလုပ်ခြင်းဖြင့် အစိုးရ မူဝါဒများပေါ် ဝေဖန်သုံးသပ်ခြင်း များကိုပံ့ပိုးပေးခြင်း
- ဝင်ငွေ ရသုံး မူဝါဒများနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ရန်၊ ပြုပြင်မှုများပြုလုပ်ရန် အတွက် နိုင်ငံရေးအရသဘောတူညီ ချက်ရရှိရန် စည်းရုံးခြင်း
- အခြားနိုင်ငံမှ လွှတ်တော်အမတ်များနှင့်တွေ့ဆုံပြီး ၎င်းတို့၏ အခက်အခဲများ ကျော်ဖြတ်ခဲ့ပုံ များ ကိုလေ့လာခြင်း

## လွှတ်တော်အမတ်များအနေနှင့် မေးမြန်းလာနိုင်သည့် မေးခွန်းများ

သဘာဝသယံဇာတမှ ရရှိလာနိုင်သည့် အခွန်အခဝင်ငွေကို မျှော်မှန်းလျက် မတည်ငြိမ်မှုများကိုဖြေရှင်းရန် သို့မဟုတ် အနာဂတ်မျိုးဆက်များအတွက် စုဆောင်းထားရန်ရည်ရွယ်လျက် ဘက်စုံထည့်သွင်းစဉ်းစား ရေးဆွဲထားသည့် ဘဏ္ဍာရေးသတ်မှတ်ချက်များ ပြဋ္ဌာန်းသင့်ပါသလား။ ပြဋ္ဌာန်းပါက မည်သည့်သတ်မှတ်ချက်၊ စည်းကမ်းများသည် အသင့်တော်ဆုံးဖြစ်မည်နည်း။ နိုင်ငံတွင်းတွင် လက်တွေ့ကျသည့် ကာလလတ်ဖွံ့ဖြိုးရေးအစီအစဉ်ရှိပြီလား။ မရှိပါက အဘယ်ကြောင့် မရှိရသနည်း။ ရှိသည်ဆိုပါက ယင်းသည် နိုင်ငံ၏အခက်အခဲများကို ဖြေရှင်းနိုင်ပါရဲ့လား။ နှစ်အလိုက် ဘတ်ဂျက်ရေးဆွဲရာတွင်အသုံးပြုပါသလား။ နိုင်ငံကောင်းစားရေးအတွက် ရံပုံငွေများကို ထိထိရောက်ရောက် သုံးစွဲခြင်းမရှိသည့် လက္ခဏာ သို့မဟုတ်အလွဲသုံးစားပြုလုပ်သည့် လက္ခဏာများရှိပါသလား။ ထိုကဲ့သို့သော ပြဿနာများကိုဖြေရှင်းရန် မည်သို့ဆောင်ရွက်နိုင်သနည်း။

- စီးပွားရေး ကဏ္ဍစုံဖွံ့ဖြိုးရေးမူဝါဒကို အစိုးရအနေနှင့် တိတိကျကျဖော်ဆောင်နေပါသလား။

ဆက်လက်ဖတ်ရှုရန်

- အခွန်အခဝင်ငွေ နှင့် သယံဇာတ ရံပုံငွေများစီမံပုံ
  NRGI revenue management and natural resource fund website pages
  www.resourcegovernance.org/issues/revenue-management or
  http://www.resourcegovernance.org/natural-resource-funds
- သဘာဝသယံဇာတ ရံပုံငွေ စီမံသုံးစွဲနေရာချထားခြင်း
  Natural Resource Fund Governance: The Essentials
  http://www.resourcegovernance.org/sites/default/files/NRF_RWI_BP_Overview_EN_rev5.pdf
- သဘာဝသယံဇာတရံပုံငွေ ဖွဲ့စည်းပုံ
  Institutional Structure of Natural Resource Funds
  http://www.resourcegovernance.org/sites/default/files/NRF_RWI_BP_Inst_Structure_EN_fa.pdf
- သဘာဝသယံဇာတရံပုံငွေ ပွင့်လင်းမြင်သာမှု
  Natural Resource Fund Transparency
  http://www.resourcegovernance.org/sites/default/files/NRF_RWI_BP_Transp_EN_fa_rev1.pdf
- သဘာဝသယံဇာတရံပုံငွေ များစောင့်ကြည့်ထိန်းကျောင်းခြင်း
  Independent Oversight of Natural Resource Funds,
  http://www.resourcegovernance.org/sites/default/files/NRF_RWI_BP_Oversight_EN_fa.pdf
- သဘာဝသယံဇာတရံပုံငွေ ဆိုင်ရာဘဏ္ဍာရေးသတ်မှတ်ချက်များ
  Fiscal Rules for Natural Resource Funds,
  http://www.resourcegovernance.org/sites/default/files/NRF_RWI_BP_Fiscal_EN_fa.pdf
- စည်းမျဉ်းအခြေပြုသဘာဝသယံဇာတရံပုံငွေ ရင်းနှီးမြှုပ်နှံမှု
  Rules-based Investment for Natural Resource Funds,
  http://www.resourcegovernance.org/sites/default/files/NRF_RWI_BP_Rule_Invest_EN_fa.pdf

စာစဉ်များ

နည်းပညာအရရှုပ်ထွေး၊ သာမန်လူနားမလည်နိုင်လောက်အောင် အလှမ်းဝေးသည့် ရေနံ၊ ဓာတ်ငွေ့၊ သတ္တုတွင်းလုပ်ငန်းများအတွက် ထိထိရောက်ရောက် စောင့်ကြည့်ထိန်းကျောင်းခြင်း၊ ဥပဒေပြုခြင်း၊ ဖွင့်ပြအသိပေးခြင်းတို့ လိုအပ်သည်။ နိုင်ငံများအနေနှင့် တွင်းထွက်ကဏ္ဍမှ ရရှိသည့်အကျိုးအမြတ်များကိုအမြင့်ဆုံး ပမာဏဖြင့် ရရှိနိုင်ရန်အတွက် လွှတ်တော်က ဝင်ရောက်ထိန်းကျောင်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် NGRIသည် လိုအပ်သည့်သတင်းအချက်အလက်များပံ့ပိုးပေးလျက်ရှိသည်။ လွှတ်တော်နှင့်ဆိုင်သည့် စာတမ်းငယ်များကို www.revenuewatch.org/parliaments တွင် ရယူဖတ်ရှုနိုင်သည်။

လွတ်လပ်သော ပရဟိတ အဖွဲ့ အစည်းတစ်ခုဖြစ်သည့် သဘာဝသံယံဇာတ အရင်းအမြစ်စီမံခန့်ခွဲမှုအကြံပေးအဖွဲ့သည် လက်တွေ့အသုံးချ သုတေသနနှင့် စွမ်းအားစုများဖွံ့ဖြိုးတိုးတက်စေရေး၊နည်းပညာဆိုင်ရာ အကြံဉာဏ်များ နှင့် အထောက်အကူပေးမှုများဆီသို့ တီထွင်ဖန်တီးမှုရှိရှိ ချဉ်းကပ်မှုတို့ မှတဆင့် ၎င်းတို့ တိုင်းပြည်မှ ထွက်သော ရေနံ၊ဓာတ်ငွေ့ နှင့် သတ္တုတွင်းထွက်ပစ္စည်းများ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို ပြည်သူများ သိရှိနားလည်နိုင်စေရန် ကူညီပေးပါသည်။ ထပ်ပြီးလေ့လာရန်- www.resourcegovernance.org

Natural Resource Governance Institute
Oil, gas and mining for development